ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# မြန်မာနိုင်ငံ ရေဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများသို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာချက်

(ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အား သဘာဝရေဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ၃၁-၇-၂၀၁၅ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

အဆိုပါ ရေလွှမ်းမိုးမှုဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် အခြားသောလိုအပ်သည့်အထောက်အပံ့များ ပေးအပ်နိုင်ရေးအတွက် အလှူငွေများလှူဒါန်းလိုပါက ပေးအပ်လှူဒါန်းနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါဘဏ်ငွေစာရင်း(Bank Account)သို့ တိုက်ရိုက်ပေးပို့ လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

| | |
|---|---|
| **Account Number** | **: 1DA-0300086** |
| **Account Name** | **: Myanmar Disaster Preparedness Agency** |
| **Bank Name** | **: Myanmar Foreign Trade Bank** |
| **SWIFT CODE** | **: MFTBMMMY** |
| **Address** | **: No. 80-86, Maha Bandoola Garden Street, Kyauktadar Township, Yangon, Myanmar** |

အမေရိကန်ပြည်ထောင်စုရှိ စေတနာရှင်မြန်မာအသိုင်းအဝိုင်းအနေဖြင့် ရေဘေးဒဏ်သင့် ပြည်သူများအတွက် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများအား ပေးပို့လှူဒါန်းလိုပါက အောက် ဖော်ပြပါလိပ်စာများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးဖော်ပြအပ် ပါသည် -

၁။ ညွှန်ကြားရေးမှူး (စီမံဘဏ္ဍာဌာန)
ဖုန်း၊ +၉၅ ၆၇ ၄၀၄၃၁၆ ၊ +၉၅ ၉၂၀ ၂၀၄၉၁
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
ရုံးအမှတ်(၂၃) နေပြည်တော်

၂။ ညွှန်ကြားရေးမှူး (ကယ်ဆယ်ရေးဌာန)
ဖုန်း၊ +၉၅ ၆၇ ၄၀၄၃၁၈ ၊ +၉၅ ၉၄၃၁ ၂၀၈၆၅၊ +၉၅ ၉၄၂၈၀ ၂၅၀၂၇
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
ရုံးအမှတ်(၂၃) နေပြည်တော်

၃။ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)
ဖုန်း၊ +၉၅ ၁ ၅၂၂၇၂၆၊ +၉၅ ၉၇၃၁၀၄၆၉၃
အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၄။ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းဒေသကြီးဦးစီးမှူး)
ဖုန်း၊ +၉၅ ၂ ၃၉၄၅၇၊ +၉၅ ၉၄၃၁၂၀၈၆၇
၃၄x၃၅ကြား၊၆၄x၆၅ကြား၊ခရိုင်တရားရုံးအနီး၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

ထို့ပြင် ငွေကြေးလှူဒါန်းလိုသူများအနေဖြင့် ဝါရှင်တန်မြို့၊ မြန်မာသံရုံးသို့လည်း ဦးမင်းသိမ်း (Min Thein) အမည်တပ်၍ Cheque ဖြင့်သော်လည်းကောင်း၊ Money Order ဖြင့်သော်လည်းကောင်း minthein206@gmail.com သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ပစ္စည်း အသုံးအဆောင်များလှူဒါန်းလိုပါက လှူဒါန်းလိုသည့်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ခန့်မှန်းအလေးချိန်များပေးပို့ပါက သက်ဆိုင်ရာလက်ခံမည့်ဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## လိုအပ်သောအထောက်အပံ့ပစ္စည်းစာရင်း

၁။ ဆန်၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ဘီစကစ် အစရှိသည့်တာရှည်ခံအစားအစာများ
၂။ ဆေးဝါးများနှင့်အရေးပေါ်ဆေးသေတ္တာ (emergency kit)
၃။ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကိုယ်လက်နှင့် ပိုးမွှားသန့်စင်ရေးသုံးပစ္စည်းများ
၄။ ရေသန့်စင်စက်များ
၅။ အရေးပေါ်သုံးဓါတ်မီး၊ ဆိုလာဓါတ်မီး
၆။ အသက်ကယ်အင်္ကျီများ
၇။ ရာဘာလှေများ
၈။ ရွက်ဖျင်တဲများ
၉။ တာပေါ်လင်စ

မြန်မာသံရုံး၊ ဝါရှင်တန်မြို့